သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်းအက်ဥပဒေ။ *

(၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၉။)

၁၃၁၀ ခု၊ သီတင်းကျွတ်လဆုတ် ၅ ရက်။

(၁၉၄၈ ခု၊ အောက်တိုဘာလ ၂၂ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကိုထုတ်ပြန်ကျေညာသည်။

၁။ ။ ဤအက်ဥပဒေကို၊ **ချင်းဝိသေသတိုင်းအက်ဥပဒေ**ဟုခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကား၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့် ကျင်လျှင်-

(၁) "အရေးပိုင်" ဆိုသည့်စကားရပ်တွင်၊ ဤအက်ဥပဒေအရ၊ နိုင်ငံတော်သမတက၊ အရေးပိုင်၏ အာဏာများပေးအပ်ထား [ * * ][၁] ရှိသည့်အရာရှိလည်းပါဝင်သည်။

(၂) "နယ်ပိုင်ဝန်ထောက်" ဆိုသည့်စကားရပ်တွင်၊ ဤအက်ဥပဒေအရ၊ နိုင်ငံတော်သမတက၊ နယ်ပိုင်ဝန်ထောက်၏အာဏာများ ပေးအပ်ထားသည့်အရာရှိလည်း ပါဝင်သည်။

(၃) "မြို့ပိုင်" ဆိုသည့်စကားရပ်တွင်၊ ဤအက်ဥပဒေအရ၊ နိုင်ငံတော်သမတက၊ [မြို့ပိုင်၏] [၁] အာဏာများပေးအပ်ထားသည့်အရာရှိလည်းပါဝင်သည်။

(၄) "ချင်းအမျိုးသားများ" ဆိုသည့်စကားရပ်တွင်

(က) လူရှေအမျိုးသားများ၊

(ခ) ကုကိအမျိုးသား များ၊

(ဂ) နာဂအမျိုးသားများ၊

(ဃ) ချင်းတောင်များ၌၊ အိုးအိမ်အတည်အကျနေထိုင်သော မြန်မာအမျိုးသားများ၊

(င) ဆက်စပ်နေသောနယ်မြေများတွင် နေထိုင်သော ချင်းအမျိုးသားများ ပါဝင်သည်။

---

* မြန်မာနိုင်ငံပြန်တမ်း ၁၉၄၈ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၁၃၅ တွင် ထုတ်ပြန်ကျေညာသည်။

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ ပြင်ဆင်သည်။

(၅) "သွေးသောက်စု" ဟူသည်မှာ၊ ချင်းလူမျိုး၏အစိတ်အပိုင်းတရပ်ရပ် [ကို][၁] ဖြစ်စေ၊ အစုအပေါင်းကိုဖြစ်စေ ဆိုလိုသည်။

(၆)[၂] (က) 'ရွာ' ဆိုသည်မှာ၊ မြို့ပြ၏ပြင်ပ၌ရှိ၍ အစဉ်အလာအရ အိမ်များစုပေါင်းတည်ရှိသည့်၊ သို့တည်းမဟုတ် နေအိမ်များအတွက် ဆိုင်ရာအာဏာပိုင်က ရွာမြေဟုသတ်မှတ်ထားသည့် လူအများစုပေါင်းနေထိုင်သော ဒေသကို ဆိုလိုသည်။

(ခ) 'ကျေးရွာ' ဆိုသည်မှာ၊ ပုဒ်မ ၆ အရ ခန့်ထားသောရွာသူကြီး၏ အာဏာသက်ရောက်သောနယ်နိမိတ်တွင် ပါဝင်သည့်ရွာ၊ သို့တည်းမဟုတ် ရွာများနှင့် မြေများကို ဆိုလိုသည်

(၇) "ရွာသူကြီး" ဟူသည်မှာ၊ ဤအက်ဥပဒေအရ၊ ခန့်ထားသည့်ရွာသူကြီးကိုဆိုလိုသည်။

(၈) "ကျေးရွာကောင်စီ" ဟူသည်မှာ၊ ဤအက်ဥပဒေအရ၊ ဖွဲ့စည်းထားသည့် ကျေးရွာကောင်စီကို ဆိုလို သည်။

(၉) "တိုက်နယ်ကောင်စီ" ဟူသည်မှာ၊ ဤအက်ဥပဒေအရ၊ ဖွဲ့စည်းထားသည့် တိုက်နယ်ကောင်စီကို ဆိုလိုသည်။

(၁၀) "ပြည်ထောင်စု" ဟူသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံကို ဆိုလိုသည်။

(၁၁) "အခြေခံဥပဒေ" ဟူသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆိုလိုသည်။

(၁၂) "တိုင်းမင်းကြီး" ဟူသည်မှာ၊ ချင်းဝိသေသတိုင်းဆိုင်ရာ တိုင်းမင်းကြီးကို ဆိုလိုသည်။

၃။ ။ ဤအက်ဥပဒေသည်၊ ချင်းဝိသေသတိုင်းတွင် အာဏာပြန့်နှံ့သည်ဖြစ်၍၊ အခြေခံဥပဒေစတင်အာဏာဝင်သည့်နေ့ရက်တွင် အတည်ဖြစ်လျက်ရှိသော အက်ဥပဒေများကို ပါလီမန်လွှတ်တော်မှ ချင်းဝိသေသတိုင်းရှိ ချင်းအမျိုးသားများနှင့် သက်ဆိုင်စေရမည်ဟု အက်ဥပဒေတရပ်ဖြင့် သတ်မှတ်ခြင်း မရှိလျှင်၊ ဆိုခဲ့ပြီးသော အက်ဥပဒေတို့သည် ချင်းအမျိုးသားများတို့နှင့် သက်ဆိုင်ခြင်း မရှိ။

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ ထည့်သွင်းသည်။

[၂] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ အစားထည့်သွင်းသည်။

၄။ ။ ပြည်ထောင်စုနိုင်ငံအတွင်း၊ အခါကာလအားလျော်စွာ အတည်ဖြစ်လျက်ရှိသည့် တရားဥပဒေများသည်၊ နောက်တွင်ဖော်ပြထားမည့် ပြင်ဆင်ချက်များနှင့်တကွ၊ ချင်းဝိသေသတိုင်းတွင် နေထိုင်သော ချင်းအမျိုးသားများမှတပါး၊ အခြားသူများနှင့် သက်ဆိုင်ရမည်။

၅။ ။ (၁) အခြေခံဥပဒေပုဒ်မ ၁၉၇ (၃)တွင်၊ ချင်းရေးရာဝန်ကြီးအား၊ အပ်နှင်းထားသည့် အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အခွင့်အရေးများကို၊ ချင်းရေးရာကောင်စီ၏ အလိုဆန္ဒနှင့်အညီ၊ ဝန်ကြီးက သုံးစွဲရမည်။ သို့သော် ယင်းသို့သုံးစွဲရာ၌၊ ပြည်ထောင်စုအစိုးရ၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်ခြင်း မရှိစေရ။

(၂) ဝန်ကြီးနှင့်ချင်းရေးရာကောင်စီတို့ မှုခင်းကိစ္စကို သင့်တင့်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှါ၊ ဝန်ကြီးသည် ကောင်စီ၏အကြံပေးချက်နှင့်အညီ၊ မှုခင်းကိစ္စဆောင်ရွက်မှုဆိုင်ရာ နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

(၃) အထက်ပုဒ်မခွဲအရ ပြုလုပ်ထားသည့် နည်းဥပဒေများသည်၊ ဝန်ကြီးနှင့်ချင်းရေးရာကောင်စီတို့ မှုခင်းကိစ္စဆောင်ရွက်ရန်အတွက်၊ လမ်းညွှန်နည်းဥပဒေများဖြစ်ရမည်။

၆။ ။ (၁) အရေးပိုင်သည်၊ ကျေးရွာ၌ နေထိုင်သူများ၏ သဘောဆန္ဒကို၊ ရွေးကောက်ပွဲဖြင့် ရယူပြီးနောက်၊ ထိုကျေးရွာ၊ သို့တည်းမဟုတ် ကျေးရွာစုအတွက်၊ ရွာသူကြီးတဦးခန့်ထားရမည်။

(၂) အရေးပိုင်သည် ရွေးကောက်ပွဲ၏အဆုံးအဖြတ်ကိုလိုက်နာရမည်။ သို့သော် ရွေးကောက် တင်မြှောက် ခံရသူတဦးတယောက်ကို အောက်ပါအကြောင်းတရပ်ရပ် အရ အရေးပိုင်ကနုတ်ပယ်နိုင်သည်-

(က) အကျင့်စာရိတ္တ ဆိုးသွမ်းခြင်း။

(ခ) မိမိအားရွာသူကြီးအဖြစ် ရွေးကောက်တင်မြှောက်သောကျေးရွာ၊ သို့တည်း မဟုတ် ကျေးရွာစုပြင်ပ၌ နေထိုင်ခြင်း။

(ဂ) ရွာသူကြီးရာထူးကိုမထမ်းရွက်နိုင်လောက်အောင် ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ သို့တည်းမဟုတ် စိတ်ချို့ယွင်းခြင်း။

(ဃ) အရွယ်မရောက်သေးခြင်း။

(င) ရွေးကောက်တင်မြှောက်ခံရသူသည်၊ အသက် ၅၅ နှစ်ပင်ပြည့်ပြီးဖြစ်သော်လည်း၊ ရာထူးထမ်းရွက် နိုင်လောက်အောင်သတိကောင်း၍၊ ကိုယ်လက်

အင်္ဂါသန်စွမ်းလျက် ရှိသေးသည်ဟု အရေးပိုင်က ယူဆသည်မှအပ၊ အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်ခြင်း။

(စ) မတရားသြဇာအာဏာသုံးစွဲခြင်းဖြင့်သော်၎င်း၊ ချောက်လှန့်ခြင်းဖြင့်သော်၎င်း၊ ရွေးကောက်တင် မြှောက်ခံရခြင်း၊ သို့တည်းမဟုတ်

(ဆ) ဤကိစ္စအလို့ငှါဝန်ကြီးက ပြဋ္ဌာန်းပြီးဖြစ်သည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသည့် အာမခံကို မတင် သွင်းနိုင်ခြင်း။

၇။ ။(၁) ရွာသူကြီးသည် ရာထူးသက်တမ်းမကုန်ဆုံးမှီ၊ ရာထူးမှနုတ်ပယ်ခြင်း မခံရလျှင်သော်၎င်း၊ ရာထူးမှနုတ်ထွက်ခြင်းမပြုလျှင်သော်၎င်း၊ မိမိအားရွေးကောက်တင်မြှောက်သည့်နေ့ရက်မှစ၍၊ ငါးနှစ်တိုင်တိုင်ရာထူး၌ ထမ်းရွက်ရမည့်ပြင်၊ နောက်ထပ်ရွေးကောက်ခြင်းခံနိုင်ခွင့်လည်းရရှိရမည်။

(၂) အရေးပိုင်သည် ရွာသူကြီးကိုအောက်ပါအကြောင်းတရပ်ရပ်ကြောင့် ရာထူးမှနုတ်ပယ်နိုင်သည်-

(က) အကျင့်သိက္ခာပျက်ပြားခြင်း။

(ခ) ကိုယ်ကျင့်တရားပျက်ပြားရာရောက်သောပြစ်မှုအတွက် [ရာဇဝတ်ပြစ်ဒဏ်][၁] ခံရခြင်း။

(ဂ) အလုပ်မကျွမ်းကျင်ခြင်း။

(ဃ) အုပ်ချုပ်မှုမတော်မှန်ခြင်း။

(၃) ဤအက်ဥပဒေ အတည်မဖြစ်မီ ရွာသူကြီးအဖြစ် ခန့်ထားခြင်းခံရသူကိုအရေးပိုင်က သုံးလကြိုတင် ၍နို့တစ်စာပေးပြီးလျှင်၊ ရာထူးထမ်းရွက်ခြင်းမှရပ်စဲစေနိုင်သည်။

(၄) အရေးပိုင်၏ အမိန့်ကိုတိုင်းမင်းကြီးထံ အယူခံဝင်နိုင်သည်။

၈။[၂] ။(၁) ဤကိစ္စအလို့ငှါ ပြဋ္ဌာန်းထားသည့် နည်းဥပဒေတွင် သတ်မှတ်ထားသော လူကြီးဦးရေပါဝင်သည့် ကျေးရွာကောင်စီကို ကျေးရွာက ရွေးကောက်တင်မြှောက်ရမည်။ ထိုကဲ့သို့ ရွေးကောက်တင်မြှောက်သောလူကြီးများကို အရေးပိုင်က ကျေးရွာကောင်စီလူကြီးများအဖြစ် ခန့်ထားရမည်။

(၂) ကျေးရွာကောင်စီသို့ အရွေးခံမည့် လူကြီးများသည် -

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ အစားထည့်သွင်းသည်။

[၂] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ အစားထည့်သွင်းသည်။

(က) အသက် ၂၁ နှစ်ကျော်လွန်ပြီးသူများဖြစ်ရမည်။

(ခ) မိမိအား ကျေးရွာကောင်စီလူကြီးအဖြစ် ရွေးကောက်တင်မြှောက်သော ကျေးရွာအတွင်း၌ သာမန်အားဖြင့် နေထိုင်သူများဖြစ်ရမည်။

ရှင်းလင်းချက်။ ။'သာမန်အားဖြင့်နေထိုင်သူ' ဆိုသည်မှာ၊ ရွေးကောက်ပွဲမကျင်းပမီ၊ ထိုကျေးရွာအတွင်း၌ အနည်းဆုံး ၁၂ လ တဆက်တည်း နေထိုင်ခဲ့၍ နောင်ကိုလည်း ဆက်လက်နေထိုင်ရန် ရည်ရွယ်သောသူကို ဆိုလိုသည်။

(၃) ကျေးရွာကောင်စီလူကြီးတဦးတယောက်သည်၊ ကျေးရွာကောင်စီမှ နုတ်ထွက်လိုလျှင် ကျေးရွာကောင်စီဥက္ကဋ္ဌထံသို့ စာဖြင့်အကြောင်းကြား၍ နုတ်ထွက်နိုင်သည်။

(၄) ကျေးရွာကောင်စီ၏သက်တမ်းသည်၊ ငါးနှစ်ဖြစ်ရမည်။ သို့ရာတွင် ကျေးရွာကောင်စီ၏သက်တမ်း ကုန်ဆုံးသော်လည်း၊ ကျေးရွာကောင်စီအသစ်ကို ရွေးကောက်တင်မြှောက်ပြီးသည်အထိ၊ သက်ဆိုင်ရာ ကောင်စီလူကြီးဟောင်းများသည်၊ မိမိတို့၏ တာဝန်ဝတ်တရားများကို ဆက်လက်ဆောင်ရွက်ရမည်။ ကျေးရွာကောင်စီလူကြီးဟောင်းအသီးသီး၌ နောက်ထပ်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံနိုင်ခွင့်ရှိစေရမည်။

(၅) ကျေးရွာကောင်စီသို့ မတရားသြဇာအာဏာ သုံးစွဲခြင်းဖြင့်သော်၎င်း၊ ခြောက်လှန့်ခြင်းဖြင့်သော်၎င်း၊ ရွေးကောက်တင်မြှောက်ခြင်းခံရသည်ဟု ယူဆလျှင်၊ အရေးပိုင်က ရွေးကောက်တင်မြှောက်ခြင်းကို ပယ်ဖျက်နိုင်သည်။

(၆) အရေးပိုင်သည်၊ အောက်ပါအကြောင်းတရပ်ရပ်ကြောင့် ကျေးရွာကောင်စီလူကြီးကို ရာထူးမှနုတ်ပယ်နိုင်သည်။

(က) မိမိ၏ တာဝန်ဝတ်တရားများကိုဆောင်ရွက်ရန် ထပ်တလဲလဲပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အာဏာကိုပိုမိုသုံးစွဲခြင်း၊ သို့တည်းမဟုတ် အာဏာကိုအလွဲသုံးစွဲခြင်း၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားများကိုဆောင်ရွက်ရာ၌ လွန်ကဲစွာ ပေါ့လျော့ခြင်း။

(ခ) ကိုယ်ကျင့်တရား ပျက်ပြားရာရောက်သောပြစ်မှုအတွက် အာဏာပိုင်ရာဇဝတ်ရုံးက ပြစ်ဒဏ်စီရင်ခြင်းကို ခံရခြင်း။

(၇) ကျေးရွာသူကြီးသည်၊ မိမိရာထူးအလျောက် ထိုကျေးရွာကောင်စီ၏ ဥက္ကဋ္ဌဖြစ်ရမည်။

၉။[၁] ။ (၁) တိုင်းမင်းကြီး၏ သဘောတူညီချက်ကို ကြိုတင်ရရှိပြီးနောက်၊ အရေးပိုင်သည်၊ တိုက်နယ်တခုအတွင်းသို့ ပါဝင်စေရမည့် ကျေးရွာများကို ကျေညာရမည်။ တိုက်နယ်အတွက် တိုက်နယ်ကောင်စီတခု ရွေးကောက်တင်မြှောက်ရမည်။

(၂) တိုက်နယ်အတွင်းရှိ ကျေးရွာကောင်စီအသီးသီးက တိုက်နယ်ကောင်စီတွင်ပါဝင်ရန် မိမိတို့ကျေးရွာကောင်စီလူကြီးများအထဲမှ ကိုယ်စားလှယ်တဦးစီ ရွေးကောက်တင်မြှောက်ရမည်၊ ဤကဲ့သို့ ရွေးကောက်တင်မြှောက်ရာတွင် ကျေးရွာကောင်စီ၏ ဥက္ကဋ္ဌဖြစ်သော ရွာသူကြီးကိုလည်း ရွေးကောက်တင်မြှောက်နိုင်သည်။

(၃) တိုက်နယ်ကောင်စီ ပဌမအကြိမ်ကျင်းပသော အစည်းအဝေးတွင် မိမိတို့အထဲမှ လူကြီးတဦးကို တိုက်နယ်ကောင်စီဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရမည်။ တိုက်နယ်ကောင်စီ၏ ပဌမအစည်းအဝေးကျင်းပ၍ ဥက္ကဋ္ဌရွေးကောက်ပြီးသည့်တိုင်အောင်၊ ဆောင်ရွက်ရန်ရှိသည့် ကိစ္စအဝဝတို့ကို ယခင်တိုက်နယ်ကောင်စီဥက္ကဋ္ဌက ဆောင်ရွက်ရမည်။

(၄) တိုက်နယ်ကောင်စီ၏ သက်တမ်းသည် ငါးနှစ်ဖြစ်ရမည်။ သို့ရာတွင် တိုက်နယ်ကောင်စီ၏ သက်တမ်းကုန်ဆုံးသော်လည်း၊ တိုက်နယ်ကောင်စီအသစ် ရွေးကောက်တင်မြှောက်ပြီးသည်အထိ၊ ကောင်စီဟောင်းသည်၊ တာဝန်ဝတ်တရားများကို ဆက်လက် ဆောင်ရွက်ရမည်။ တိုက်နယ်ကောင်စီလူကြီးဟောင်း အသီးသီး၌ နောက်ထပ်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံနိုင်ခွင့်ရှိစေရမည်။

(၅) တိုက်နယ်ကောင်စီလူကြီး၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌတဦးဦးသည်၊ ပုဒ်မ ၉-က တွင် ဖေါ်ပြပါအကြောင်းတရပ်ရပ်ကြောင့် မိမိနှင့်သက်ဆိုင်သော ကျေးရွာကောင်စီ လူကြီးအဖြစ်မှရပ်စဲခဲ့သော်၊ တိုက်နယ်ကောင်စီလူကြီး၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌအဖြစ်မှလည်း ရပ်စဲသည်ဟုမှတ်ယူရမည်။

(၆) အရေးပိုင်သည်၊ တိုက်နယ်ကောင်စီလူကြီးအသီးသီးနှင့် တိုက်နယ်ကောင်စီ၏ ဥက္ကဋ္ဌကို ပုဒ်မ ၈၊ ပုဒ်မခွဲ (၆) ၌ ပြဋ္ဌာန်းထားသော အကြောင်းတရပ်ရပ်ကြောင့် ရာထူးမှနုတ်ပယ်နိုင်သည်။

---

[၁] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ အစားထည့်သွင်းသည်။

(၇) ပုဒ်မခွဲ (၂) နှင့် (၃) ၌ ဖော်ပြသော ရွေးကောက်ရေးကိစ္စအဝဝတို့ကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

၉-က။ [၁] ။ ရွာသူကြီးသည်၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီ ဥက္ကဋ္ဌသည် -

(၁) သေဆုံးသော်၊

(၂) ရာထူးမှ နုတ်ထွက်သော်၊

(၃) ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်အရ၊ လူကြီးအဖြစ်မှရပ်စဲခြင်းသော်၎င်း၊ နုတ်ပယ်ခြင်းသော်၎င်း ခံရသော်၊

(၄) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အစည်းအဝေးများကို တက်ရောက်ရန် ပျက်ကွက်ခဲ့သော်၊

(၅) မိမိအရွေးခံရသော ကျေးရွာတွင် ဆက်လက်နေထိုင်ခြင်းမပြုဘဲ ရွှေ့ပြောင်းသွားသော် ထိုလူကြီး၏နေရာသည် လစ်လပ်သည်ဟု မှတ်ယူရမည်။

၉-ခ။[၁] ။ ပုဒ်ခ ၉-က အရ လူကြီးတဦးဦး၏ နေရာလစ်လပ်ခဲ့သော်၊ ထိုနေရာကို နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောလျင်နိုင်သမျှ ဆောလျင်စွာ ရွေးကောက်ခြင်းဖြင့် ဖြည့်သွင်းရမည်။

၉-ဂ။[၁] ။ ၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေစတင် အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း ကျေးရွာကောင်စီနှင့် တိုက်နယ်ကောင်စီအသစ်များကို ရွေးကောက်တင်မြှောက်ရမည်။ ထိုသို့ ရွေးကောက်တင်မြှောက်သည့်အခါ လက်ရှိကျေးရွာကောင်စီဥက္ကဋ္ဌများ၊ ကျေးရွာကောင်စီလူကြီးများ၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌများနှင့် တိုက်နယ်ကောင်စီလူကြီးများ၏ ရာထူးသက်တမ်းသည်၊ ကျေးရွာကောင်စီနှင့် တိုက်နယ်ကောင်စီအသစ်များ ရွေးကောက်တင်မြှောက်သည့်နေ့တွင် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

၁၀။ ။ အရေးပိုင်က ရွာသူကြီးရွေးကောက်တင်မြှောက်ခြင်းကိုဖြစ်စေ၊ ကျေးရွာကောင်စီလူကြီး ရွေးကောက်တင်မြှောက်ခြင်းကိုဖြစ်စေ၊ တိုက်နယ်ကောင်စီလူကြီး ရွေးကောက်တင်မြှောက်ခြင်းကိုဖြစ်စေ၊ ပယ်ဖျက်သည့်အမိန့်ကိုသော်၎င်း၊ အရေးပိုင်ကရွာသူကြီးကိုဖြစ်စေ၊ ကျေးရွာကောင်စီလူကြီးကိုဖြစ်စေ၊ တိုက်နယ်ကောင်စီလူကြီးကိုဖြစ်စေ၊ ရာထူးမှနုတ်ပယ်သည့်အမိန့်ကိုသော်၎င်း၊ ချမှတ်သည့်နေ့ရက်မှ ခြောက်လအတွင်းတိုင်းမင်းကြီးထံ အနစ်နာခံရသူက အယူခံဝင်နိုင်သည်။

---

[၁] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ ထည့်သွင်းသည်။

၁၁။ ။ (၁) ရွာသူကြီးတိုင်းသည်၊ မိမိပိုင်နယ်နိမိတ်များအတွင်း မိမိ၏လက်အောက်ခံအဖြစ် ကျေညာထားသည့် သွေးသောက်စု၊ သို့တည်းမဟုတ် ကျေးရွာ၊ သို့တည်းမဟုတ် နှစ်ရပ်လုံးကို ရပ်ရွာ၏ ထုံးတမ်းစဉ်လာနှင့်အညီ စီမံအုပ်ချုပ်ရမည်။

(၂) ရွာသူကြီးသည် မိမိစီမံအုပ်ချုပ်ရသည့် ရွာသူရွာသားများထံမှ အစိုးရသို့ပေးဆောင်ရန် ရှိသည့် အခွန်တော်နှင့် အခြားငွေများကို ကောက်ခံရမည်။ သို့တည်းမဟုတ် ကောက်ခံစေရမည်။

(၃) [ * * ] [၁] ကျေးရွာသူကြီး၌ မိမိ၏လက်အောက်ခံဖြစ်သူတဦးတယောက်သည် ဝရန်းမပါဘဲ ဘမ်းဆီးပိုင်သည့် ပြစ်မှုကိုကျူးလွန်သည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင်၊ ထိုသူကို မိမိပိုင်နယ်နိမိတ်အတွင်း ဘမ်းဆီးရန် အခွင့်ရှိသည်။

(၄) ရွာသူကြီးသည်၊ မိမိစီမံအုပ်ချုပ်ရသည့် ကျေးရွာနယ်မြေအတွင်း ငြိမ်ဝပ်ပိပြားရေး အတွက် ဆောင်ရွက်ရမည်။ [အရေးပိုင်ဖြစ်စေ၊ နယ်ပိုင်ဝန်ထောက်ဖြစ်စေ၊ မြို့ပိုင်ဖြစ်စေ][၁] ညွှန်ကြားသည့် တရားဝင်အမိန့်များကို ရွာသူကြီးကလိုက်နာ ဆောင်ရွက် ရမည်။ ထို့ပြင်အရေးပိုင်ကဖြစ်စေ၊ နယ်ပိုင်ဝန်ထောက်က ဖြစ် စေ၊ မြို့ပိုင်ကဖြစ်စေ၊ စားနပ်ရိက္ခာနှင့် အလုပ်သမားတောင်းဆိုသည့်အခါ၊ ရွာသူကြီးသည်အရေးပိုင် သတ်မှတ်သည့် နှုန်းများအတိုင်း အဘိုးအခရလျှင်၊ တောင်းဆိုသည့် စားနပ်ရိက္ခာနှင့် အလုပ်သမားများကို ပေးရမည်။

သို့သော် သက်ဆိုင်ရာတိုက်နယ်ကောင်စီ၊ သို့တည်းမဟုတ် ကျေးရွာကောင်စီနှင့်ညှိနှိုင်း တိုင်ပင်၍ ထိုအဖွဲ့ဝင်လူကြီးများ၏သဘောတူညီချက်ဖြင့် ပြည်သူ့ကိစ္စများအတွက် တောင်းဆိုသည့် စားနပ်ရိက္ခာနှင့်အလုပ်သမားမှတပါး၊ အခြားမည်သည့် စားနပ်ရိက္ခာအလုပ်သမားများကိုမျှ မတောင်း ဆိုရ။ ထို့ပြင်၎င်းစားနပ် ရိက္ခာနှင့်အလုပ်သမားကို အခြားနည်း မရနိုင်သည့်အဆုံးမှသာ တောင်းဆို ရမည်။

၁၂။ ။ (၁) ရာဇဝတ်ကျင့်ထုံးဥပဒေအရ တရားရုံး၏ခွင့်ပြုချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ သဘော တူပြေငြိမ်းနိုင်သော ပြစ်မှုတခုခုကိုသော်၎င်း၊ တရားလိုနှင့်တရားခံတို့သည် ကျေးရွာကောင်စီကို ရွေးကောက်တင်မြှောက်လိုက်သည့် နယ်မြေအတွင်း ပါဝင်သော ကျေးရွာတွင်၊ သို့တည်းမဟုတ် ကျေးရွာစု တွင်နေထိုင်သော ချင်းအမျိုးသားများဖြစ်လျှင်၊ ချင်းဝိသေသတိုင်းဆိုင်ရာ ထုံးတမ်းစဉ်လာဥပဒေအရ

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ ပြင်ဆင်သည်။

လျော်ကြေးပေး၍၊ ပြေငြိမ်းနိုင်သည့်ပြစ်မှုတခုခုကိုသော်၎င်း၊ ကျေးရွာကောင်စီသည် စုံစမ်းစစ်ဆေးနိုင်သည့်ပြင်၊ ထိုကဲ့သို့သော [ပြစ်မှုကျူးလွန်သူကို] [၁] ပြစ်မှုထင်ရှားလျှင်၊ ငွေဒဏ်သော်၎င်း၊ ပစ္စည်းလျော် ဒဏ်သော်၎င်း စီရင်နိုင်သည်။

(၂) တရားစီရင်ရာ၌ အဆုံးအဖြတ်သည်အရေးပါသော အချက်များတွင် တရားတိမ်းစောင်းခြင်းမရှိလျှင်၊ ကျေးရွာကောင်စီ၏ပြစ်မှုထင်ရှားစီရင်ခြင်းကိုသော်၎င်း၊ ပြစ်ဒဏ်စီရင်ခြင်းကိုသော်၎င်း၊ စစ်ဆေးစီရင်ပိုင်ခွင့်အာဏာသုံးစွဲရာ၌ နည်းလမ်းမကျသည့်အတွက်မခိုင်လုံဟု [ငြင်းဆိုပိုင်ခွင့်မရှိရ။][၁] သို့တည်းမဟုတ် ပယ်ဖျက်ခြင်းမရှိစေရ။

(၃) ဤအချက်နှင့်ပတ်သက်၍ ကျေးရွာကောင်စီ၏ စီရင်ချက်ကြောင့် နစ်နာခံရသူတဦးတယောက်သည်၊ ဆိုင်ရာတိုက်နယ်ကောင်စီသို့ဖြစ်စေ၊ ဆိုင်ရာမြို့နယ်ရာဇဝတ်တရားသူကြီးသို့ဖြစ်စေ၊ အမှုကိုပြန်လည် စစ်ဆေးရန်လျှောက်ထားနိုင်သည်။ တိုက်နယ် ကောင်စီ၏စီရင်ချက်ကို နယ်ပိုင်ရာဇဝတ်တရားသူကြီးက ပယ်ဖျက်၍ အမှုကိုပြန်လည်စစ်ဆေးနိုင်သည်။

၁၃။ ။ (၁) ကျေးရွာကောင်စီသည် မိမိတို့အား ရွေးကောက်တင်မြှောက်လိုက်သည့် နယ်မြေအတွင်း နေထိုင်သူအချင်းချင်းစွဲဆိုသည့် မည်သည့်တရားမမှုကိုမဆို အချင်းများသည့် ပစ္စည်းတန်ဘိုးသည် ငွေနှစ်ထောင်ထက်မပိုလျှင်၊ စစ်ဆေး၍ရပ်ရွာထုံးတမ်းစဉ်လာနှင့်အညီစီရင်ဆုံးဖြတ်နိုင်သည်။

(၂) တရားမမှုများကိုစီရင်ဆုံးဖြတ်ရာ၌ ကျေးရွာကောင်စီသည် အမှုသည်များအား၊ ချေပလျှောက်ထား နိုင်ခွင့်ပေးရမည့်ပြင်၊ အမှုကိုစီရင်ဆုံးဖြတ်ရာ၌ လိုအပ်သည့် မိမိတို့ကိုးကားသော သက်သေခံချက်များကို တင်ပြနိုင်ခွင့်လည်းပေးရမည်။

(၃) ကျေးရွာကောင်စီ၏စီရင်ချက်ကို စာဖြင့်ရေးသားရမည်။ ထိုစီရင်ချက်တွင်မည်သည့်အကြောင်းများကြောင့် ယင်းသို့စီရင်ဆုံးဖြတ်ရသည်ကို အတိုချုပ်ဖော်ပြရမည်။ ထိုစီရင်ချက်ကို မကြေနပ်သူအမှုသည်က ဆိုင်ရာတိုက်နယ်ကောင်စီသို့ဖြစ်စေ၊ ဆိုင်ရာမြို့နယ် တရားမတရားသူကြီးထံဖြစ်စေ၊ ပြန်လည် စီရင်ရန် လျှောက်ထားနိုင်၍၊ မြို့နယ်တရားမ တရားသူကြီးသည် ဤသို့လျှောက်ထားရာတွင်မူလအမှုကို စစ် ဆေးဘိသကဲ့သို့ အရေးယူ၍ ရပ်ရွာထုံးတမ်းစဉ်လာနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ ပြင်ဆင်သည်။

၁၄။ ။ တိုက်နယ်ကောင်စီရှိလျှင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မခွဲ (၃) ၏ ပဥ္စမပိုင်းတွင်ဖော်ပြထားသည့်ကန့်သတ်ချက်များနှင့်မဆန့်ကျင်စေဘဲ၊ ထိုတိုက်နယ်ကောင်စီသည်၊ တိုက်နယ်အတွင်းနေထိုင်သူအချင်းချင်းစွဲဆိုသော တရားမမှုကိုအချင်းဖြစ်သည့် ပစ္စည်းတန်ဘိုးသည် ငွေပေါင်းငါးထောင်ထက်မပိုလျှင်၊ စစ်ဆေး၍ ရပ်ရွာထုံးတမ်းစဉ်လာနှင့်အညီ စီရင်ဆုံးဖြတ်နိုင်သည်။

၁၅။[၁] ။ တိုက်နယ်ကောင်စီ၏ စီရင်ချက်ကိုဆိုင်ရာ နယ်ပိုင်တရားမတရားသူကြီးက၊ သို့တည်းမဟုတ် နယ်ပိုင်တရားမတရားသူကြီး ခန့်ထားခြင်းမရှိသေးမီအတွင်း၊ ပုဒ်ခ ၁၉ အရ အာဏာ အပ်နှင်းခြင်းခံရသော ဆိုင်ရာနယ်ပိုင်ဝန်ထောက်က ပြင်ဆင်နိုင်သည်။ ထိုနယ်ပိုင်တရားမ တရားသူကြီးသည်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်သည်၊ တိုက်နယ်ကောင်စီစီရင်ပြီး အမှုကို မူလအမှုစစ်ဘိသကဲ့သို့ အရေးယူ၍ ရပ်ရွာထုံးတမ်းစဉ်လာနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။ သို့ရာတွင် နယ်ပိုင်ဝန်ထောက်သည်၊ ဤပုဒ်မအရ အရေးယူရာတွင်၊ ပုဒ်မ ၁၉ ၌ ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။

၁၅-က။[၂] ။ ရုံးခွန်တော် အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ ဤအက်ဥပဒေအရ တရားမမှုကိုဖြစ်စေ၊ ရာဇဝတ်မှုကိုဖြစ်စေ၊ ကြားနာဆုံးဖြတ်ရသည့်အခါ၊ အမှုလက်ခံကြေးကိုဖြစ်စေ၊ ကြားနာဆုံးဖြတ်ကြေးကိုဖြစ်စေ၊ နှစ်ခုစလုံးကိုဖြစ်စေ၊ ကြေးငွေဖြင့်၊ သို့တည်းမဟုတ် တန်ဘိုးညီမျှသော အရာဝတ္ထုပစ္စည်းဖြင့် ကောက်ခံရယူနိုင်သည်။ အမှုလက်ခံကြေးနှင့် ကြားနာဆုံးဖြတ်ကြေးများသည်၊ ချင်းရေးရာဝန်ကြီးက နည်းဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် နှုန်းများအတိုင်း ဖြစ်စေရမည့်ပြင်၊ ၎င်းတို့မှအပ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ မိမိတို့ ကြားနာဆုံးဖြတ်ရသော အမှုကိစ္စများအတွက် အခြားမည်သည့်အခွန်တော်ကိုမျှ၊ သို့တည်းမဟုတ် အခကြေးငွေကိုမျှ၊ ကောက်ခံရယူခြင်းမပြုရ။ ဤကဲ့သို့ကောက်ခံရရှိသော အမှုလက်ခံကြေးနှင့် ကြားနာဆုံးဖြတ်ကြေးများကို အမှုလက်ခံကြားနာဆုံးဖြတ်ရသော ကောင်စီလူကြီးများသည်၊ နည်းဥပဒေများ၌ ပြဋ္ဌာန်းထားသည့်အတိုင်း ခွဲဝေယူနိုင်သည်။

၁၆။ ။(၁) ရာဇဝတ်မှု၊ တရားမမှု၊ အခွန်တော်နှင့် အရပ်ရပ်ဆိုင်ရာကိစ္စများအတွက် ချင်းဝိသေသတိုင်းကို ကျေညာသတ်မှတ်ထားသည့်စက်ရှင်နယ်များ၊ စီရင်စုနယ်များ၊

[၁] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ ထည့်သွင်းသည်။

[၂] အဆိုပါဥပဒေအရ ထည့်သွင်းသည်။

နယ်ပိုင်နယ်များနှင့် မြို့နယ်များ စသည်ဖြင့်ခွဲခြားထားရမည်။ အရေးပိုင် အသီးသီးသည် ဆိုင်ရာစီရင်စုနယ်၏ [စီရင်စုနယ်ရာဇဝတ်တရားသူကြီး][၁]ဖြစ်ရမည်။

(၂) စက်ရှင်တရားသူကြီး၌ ရာဇဝတ်မှုတရပ်ရပ်ကို စစ်ဆေးရန်အတွက်၊ မိမိထံ ရာဇဝတ်တရားသူကြီး တဦးဦးကတရားခံကိုတင်ပို့ခြင်းမရှိသော်လည်း၊ [မူလစီရင် ပိုင်ခွင့် အာဏာရှိသောတရားရုံး][၁] အဖြစ်ဖြင့် မည်သည့် ပြစ်မှုကိုမဆို အရေးယူပိုင် ခွင့်ရှိသည်။ ယင်းသို့ အရေးယူသည့်အခါ [ဝါရမ်း] [၁] အမှုများကို ရာဇဝတ် တရားသူကြီးများ စစ်ဆေးရာ၌ လိုက်နာရန်ရာဇဝတ်ကျင့်ထုံး [ * * ] [၁] ဥပဒေတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းကို၊ စက်ရှင်တရားသူကြီးသည် လိုက်နာရမည်။

၁၇။ ။ [ရာဇဝတ်ကျင့်ထုံး] [၁] ဥပဒေပါကိစ္စများအလို့ငှါ၊ တိုင်းမင်းကြီးသည် စက်ရှင်တရားသူကြီး မရှိသော စက်ရှင်နယ်တွင်၊ စက်ရှင်တရားသူကြီး၏အာဏာများကိုသုံးစွဲရမည်။

၁၈။ ။ နိုင်ငံတော်သမတသည်၊ မြန်မာနိုင်ငံ [ပြန်တမ်းတွင်ကြော်ငြာစာထုတ်ပြန်၍][၁] မည်သည့် နယ်ပိုင်ဝန်ထောက်ကိုမဆို ဤအက်ဥပဒေအရ အရေးပိုင်၏အာဏာအားလုံးကိုဖြစ်စေ၊ အာဏာတခု ခုကိုဖြစ်စေ၊ အပ်နှင်း၍၎င်းစီရင်ပိုင်ခွင့်အာဏာပြန့်နှံ့သည့်နယ်မြေကို နယ်နိမိတ်သတ်မှတ်ပေးနိုင် သည်။

၁၉။ ။ (၁) နိုင်ငံတော်သမတသည်ချင်းဝိသေသတိုင်းအတွင်း စီရင်ပိုင်ခွင့်အာဏာကို သုံးစွဲလျက် ရှိသော အရေးပိုင်၊နယ်ပိုင်ဝန်ထောက်နှင့်မြို့ပိုင်အား၊ ချင်းအမျိုးသားတဦးတယောက် ပါဝင်သောအမှုသည်များ၏တရားမမှုတခုခုကိုဖြစ်စေ၊ တရားမကြောင်း အရေးယူ သည့်အခြားမှုခင်း ကိစ္စတရပ်ရပ်ကိုဖြစ်စေ၊ နိုင်ငံတော်သမတကမြန်မာနိုင်ငံ [ပြန်တမ်းတွင်ကြော်ငြာစာထုတ်ပြန်၍][၁] ပြဋ္ဌာန်းသည့်နည်းလမ်း အတိုင်း စစ်ဆေးရန် အာဏာအပ်နှင်းနိုင်သည်။

(၂) ဆိုခဲ့သည့်တရားမမှုကို၊ သို့တည်းမဟုတ် မှုခင်း၊ ကိစ္စကိုစစ်ဆေးရာ၌ အဆိုပါအရာ ရှိသည်၊ ချင်းအမျိုးသား တဦးတယောက်မျှတရားဘက်အဖြစ် မပါမဝင်သော တရားမမှုတွင်ဖြစ်စေ၊ အခြားမှုခင်း ကိစ္စတွင်ဖြစ်စေ၊ မိမိသုံးစွဲနိုင်သည့် အာဏာ အားလုံးကိုသော်၎င်း၊ အာဏာတရပ်ရပ်ကိုသော်၎င်း သုံးစွဲနိုင် သည်။

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ ပြင်ဆင်သည်။

(၃) တရားမမှုတခုခုကိုဖြစ်စေ၊ အခြားမှုခင်းကိစ္စတခုခုကိုဖြစ်စေ၊ စီရင်ဆုံးဖြတ်ရာ၌၊ ထိုအရာရှိသည် ရပ်ရွာထုံးတမ်းစဉ်လာကိုငင်း၊ မျှတမှု၊ တော်မှန်ရေး စသော လောကပါလတရားတို့ကိုငင်း၊ ထောက်ထား ရမည်။

သို့သော် ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းခြင်းနှင့်အမွေဆက်ခံခြင်းနှင့် စပ်လျဉ်းသည့်အမှုများတွင်၊ ရပ်ရွာထုံးတမ်းစဉ်လာကိုလိုက်နာ၍ စီရင်ဆုံးဖြတ်ရမည်။

၂၀။ ။ ရာဇဝတ်ကျင့်ထုံး [ * * ][၁] ဥပဒေနှင့်တရားမကျင့်ထုံးဥပဒေရှိသက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် မဆန့် ကျင်စေဘဲ၊ ကျေးရွာကောင်စီ၌သော်ငင်း၊ တိုက်နယ်ကောင်စီ၌သော်ငင်း၊ မြို့ပိုင်ထံ၌သော်ငင်း၊ နယ်ပိုင်ဝန်ထောက်ထံ၌သော်ငင်း၊ မပြီးမပြတ်ရှိနေသေးသော ရာဇဝတ်မှုတရပ်ရပ်ကို၊ သို့တည်း မဟုတ် တရားမမှုတရပ်ရပ်ကို အရေးပိုင်ကဖြစ်စေ၊ စက်ရှင်တရားသူကြီးကဖြစ်စေ ပြန်လည်နုတ်သိမ်းပြီးလျှင်၊ မိမိကိုယ်တိုင်စစ်ဆေးနိုင်သည်၊ သို့တည်းမဟုတ် မိမိ၏လက်အောက်ခံ အခြားရာဇဝတ် တရားသူကြီးတဦးဦးထံသို့ ဖြစ်စေ၊ အခြားတရားမ တရားသူကြီးတဦးဦးထံသို့ဖြစ်စေ၊ အခြားကျေးရွာ၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီတခုခုသို့ဖြစ်စေ၊ ထိုအမှုကိုစစ်ဆေးရန်လွှဲ အပ်နိုင်သည်။

၂၁။ ။ (၁) တိုင်းမင်းကြီး၏စီမံညွှန်ကြားချက်ကိုထောက်ထား၍၊ ဆိုင်ရာအရေးပိုင်သည် စုံစမ်းစစ်ဆေးပြီးနောက်၊ အောက်ပါပြစ်မှုတရပ်ရပ်ကို လူတဦးတယောက်ကဖြစ်စေ၊ လူအများကဖြစ်စေ၊ ကျူးလွန်သည် ဟုမိမိယူဆလျှင်၊ ထိုသူတဦးတယောက်ပေါ်တွင်ဖြစ်စေ၊ ထိုလူများပေါ်တွင်ဖြစ်စေ ငွေဒဏ်၊ သို့တည်း မဟုတ် ပစ္စည်းလျော်ဒဏ် စီရင်နိုင်သည်။

(က) ခိုးမှု၊ သို့တည်းမဟုတ် လုယက်မှု၊ သို့တည်းမဟုတ် ထားပြတိုက်မှု၊ သို့တည်းမဟုတ် လူသတ်မှု၊ သို့တည်းမဟုတ် ပုန်ကန်မှု ကျူးလွန်သူတဦးတယောက်နှင့်ဖြစ်စေ၊ ထိုပြစ်မှုတခုခုနှင့်စွပ်စွဲခံရသူနှင့် ဖြစ်စေ၊ ပူးပေါင်းကြံစည်ခြင်း၊ သို့တည်းမဟုတ် ထိုသူကိုလက်ခံထားခြင်း။

(ခ) ရာဇဝတ်မှုတခုခုတွင် သက်သေခံအချက်အလက်များကိုဖုံးကွယ်ထားရှိခြင်း၊ သို့တည်းမဟုတ် ဖုံးကွယ်ရာ၌ဘက်စပ်ပါဝင်ခြင်း။

(ဂ) မိမိလက်တွင်းရှိ ခိုးရာပါပစ္စည်းကို သက်ဆိုင်ရာသို့ပြန်လည်ပေးအပ်ရန် ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် ပေါ့လျော့ခြင်း။

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ ပြင်ဆင်သည်။

(ဃ) အစိုးရကိုရန်မူသည့်၊ သို့တည်းမဟုတ် ဆန့်ကျင်သည့်အပြုအမူတခုခုကို ပြုလုပ်ခြင်း။

(င) အရေးပိုင်၏၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်၏၊ သို့တည်းမဟုတ် မြို့ပိုင်၏တရားဝင်သော အမိန့်များကိုနာခံရန်ငြင်းဆန်ခြင်း။

(စ) ကုန်သည်များ၊ အခြားခရီးသည်များကို တိုက်ခိုက်ရာတွင်ပါဝင်ခြင်း၊ သို့တည်းမဟုတ် အားပေးကူညီခြင်း၊ သို့တည်းမဟုတ် တရားဥပဒေနှင့်မညီသော အကောက်များကောက်ယူခြင်း၊ သို့တည်းမဟုတ် ကောက်ယူရန်ကြံစည်အားထုတ်ခြင်း၊ သို့တည်းမဟုတ်

(ဆ) အခြားသွေးသောက်စုနှင့်ဖြစ်စေ၊ အခြားကျေးရွာနှင့်ဖြစ်စေတိုက်ခိုက်ခြင်း။

(၂) အရေးပိုင်သည်၊ ဤပုဒ်မအရတပ်ရိုက်သော ဒဏ်အားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ထိုဒဏ်တပ်ရိုက်ခြင်းနှင့်ပတ်သက်သည့် အပြုအမူကြောင့်တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း ပျက်စီးနစ်နာသူ၊ သို့တည်းမဟုတ် ဒဏ်ရာရရှိသူတဦးတယောက်အား လျော်ကြေးအဖြစ်ပေးရမည်ဟု အမိန့်ချမှတ် နိုင်သည်။

၂၂။ ။ ဤအက်ဥပဒေအရ မိမိရရှိသည့်အာဏာကို အလွဲသုံးစားပြုသည့် သို့တည်းမဟုတ် အရေးပိုင်၏တရားဝင်သောအမိန့်ကိုလိုက်နာရန် ပျက်ကွက်သည့်ရွာသူကြီးတိုင်းသည်၊ အရေးပိုင်၏အမိန့်ဖြင့် ဆယ့်ငါးကျပ်ထက်မပိုသော ငွေဒဏ်တပ်ရိုက်ခြင်းကိုဖြစ်စေ၊ ရှုတ်ချခြင်းကိုဖြစ်စေ၊ ရာထူးမှခေတ္တချထားခြင်းကို ဖြစစေ၊ ရာထူးမှနုတ်ပယ်ခြင်းကိုဖြစ်စေ ခံရမည်။

၂၃။ ။ အရေးပိုင်၏သဘောတူညီချက်မရဘဲ၊ မည်သည့်ကျေးရွာသစ်ကိုမျှ မတည်ထောင်ရ။ အရေးပိုင်သည် အကျိုးအကြောင်းဖေါ်ပြရေးသား၍၊ ကျေးရွာသစ်တည်ထောင်ခြင်းကို တားမြစ်နိုင်သည်။

၂၄။ ။ စစ်မှုရေးရာနှင့်ပတ်သက်သည့်အကြောင်းများကြောင့်ဖြစ်စေ၊ ပြည်သူ့အကျိုးနှင့်ပတ်သက်သည့်အကြောင်းများကြောင့်ဖြစ်စေ၊ အုပ်ချုပ်ရေးနှင့်ပတ်သက်သည့်အကြောင်းများကြောင့်ဖြစ်စေ၊ ကျေးရွာ တခုခုကို၊ အခြားနေရာတခုခုသို့ရွှေ့ပြောင်းသင့်သည်ဟု အရေးပိုင်ကထင်မြင်လျှင်၊ အရေးပိုင်သည် ကျေးရွာကိုရွှေ့ပြောင်းရန်စာဖြင့်အမိန့်ပေးနိုင်သည်။ ထို့ပြင်အရေးပိုင်သည် ယင်းသို့ကျေးရွာရွှေ့ပြောင်းခြင်းကြောင့်ဆုံးရှုံးနစ်နာသော ရွာသူရွာသားများအား၊ တရားမျှတသည်ဟု ထင်မြင်သဘောရရှိသောလျော်ကြေးကို ချင်းရေးရာဝန်ကြီး၏ သဘောတူညီချက်ဖြင့်ပေးနိုင်သည်။

၂၅။ ။ [ချင်းအမျိုးသားတဦးတယောက်တွင်ကြွေးထိုင်ရန်အအကြောင်းပေါ်သည့်ကိစ္စ] [၁] ဖြစ်ထွန်းလာသည်ဟု သိရှိလျှင်၊ သို့တည်းမဟုတ် ယုံကြည်ရလျှင်သော်၎င်း၊ ထိုသူသည်သတ်ဖြတ်မှု၊ ထားပြတိုက်မှု၊ သို့တည်းမဟုတ် လုယက်မှုဖြစ်စေမည့် လက္ခဏာရှိသောအမှုကိုလှုံ့ဆော်လျှင်သော်၎င်း၊ အရေးပိုင်သည် ချင်းဝိသေသတိုင်းအတွင်း၊ မိမိသတ်မှတ်သည့်နေရာတွင်ထိုသူအား၊ နေထိုင်ရမည်ဟု ဆင့်ဆိုနိုင်သည်။

၂၆။ ။ ချင်းဝိသေသတိုင်းတွင် (ပြည်သူ့ဝန်ထမ်းမဟုတ်သော) သူတဦးတယောက်နေထိုင်ခြင်းကြောင့်၊ ထိုတိုင်း၏ငြိမ်းချမ်းရေးကိုသော်၎င်း၊ ကောင်းမွန်စွာစီရင်အုပ်ချုပ်ခြင်းကိုသော်၎င်း၊ အန္တရာယ်ဖြစ်ဘွယ် ရာရှိသည်ဟု အရေးပိုင်ကယူဆသောအခါ၊ ထိုသူအား ချင်းအမျိုးသားမဟုတ်လျှင်၊ ချင်းဝိသေသတိုင်းမှ၊ မိမိခွင့်ပြုထားသည့် အချိန်အတွင်း၊ ထွက်ခွါသွားရန်အကြောင်းပြချက်များကို ရေးမှတ်၍ နှင်ထုတ်သည့် အမိန့်ပေးနိုင်သည်။ အကယ်၍ချင်းအမျိုးသားဖြစ်လျှင်၊ ချင်းဝိသေသတိုင်းအတွင်း၊ မိမိသတ်မှတ်သည့် အရပ်ဒေသတွင်၊ နေထိုင်ရန်အမိန့်ပေးနိုင်သည်။

၂၇။ ။ မည်သူမဆို ပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်များကိုကျူးလွန်သည်ဖြစ်စေ၊ ပုဒ်မ ၂၄ အရ ပေးသည့်အမိန့်၊ သို့တည်းမဟုတ် ပုဒ်မ ၂၆ အရ ပေးသည့်အမိန့်ကိုမလိုက်နာလျှင်ဖြစ်စေ၊ ထိုသူကို ရာဇဝတ်တရားသူကြီး တဦးကပြစ်မှုထင်ရှားစီရင်သည့်အခါ၊ တနှစ်ထက်မများသော ထောင်ဒဏ်သော်၎င်း၊ တထောင်ထက်မ များသောငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်နိုင်သည်။

၂၈။ ။ (သေဒဏ်ထိုက်သင့်သည့် လူသတ်မှုမြောက်သည်ဖြစ်စေ၊ မမြောက်သည်ဖြစ်စေ) ရာဇဝတ်ပြစ်ဒဏ်မကင်းသည့်၊ လူအသက်သေစေမှု၊ သို့တည်းမဟုတ် အပြင်းအထန်နာကျင်စေမှု၊ သို့တည်းမဟုတ် ထားပြတိုက်မှု၊ သို့တည်းမဟုတ် လုယက်မှုကျူးလွန်ခြင်းကို ပိတ်ပင်တားဆီးရန် အလို့ငှါ၊ လိုအပ်သည်ဟု ထင်မြင်သဘောရရှိလျှင်၊ အရေးပိုင်သည် မည်သူကိုမဆို သုံးနှစ်ထက် မပိုသော မိမိသတ်မှတ်သည့်ကာလ အပိုင်းအခြားအတွင်း ကောင်းမွန်စွာနေထိုင်ရန် ခံဝန်ချုပ်ပြု လုပ်ရမည်ဟု အမိန့်ပေးနိုင်သည်။

၂၉။ ။ သွေးသောက်စုဝင် အချင်းချင်းသော်၎င်း၊ အိမ်ထောင်သားစု အချင်းချင်းသော်၎င်း သတ်ဖြတ်ခြင်း၊ သို့တည်းမဟုတ် အကြမ်းဘက်ခြင်းဖြစ်စေမည့်လက္ခဏာရှိသောရန်ငြိုး၊ သို့တည်းမဟုတ် ခိုက်ရန်ဖြစ်မည့်အခြားအကြောင်းရှိလျှင်သော်၎င်း၊ ဆိုကဲ့သည့်ရန်ငြိုး၊ သို့တည်းမဟုတ် ခိုက်ရန်ဖြစ်ရန် အခြား အကြောင်းရှိလိမ့်မည်ဟု အရေးပိုင်က ထင်မြင်သဘောရရှိလျှင်သော်၎င်း၊ အရေးပိုင်သည် သွေးသောက်စုများတွင်၊ သို့တည်းမဟုတ် ကျေးရွာများတွင်ပါဝင်သူအားလုံး၊

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ အစားထည့်သွင်းသည်။

သို့တည်းမဟုတ် တဦးတယောက်ကိုဖြစ်စေ၊ ထိုသွေးသောက်စုအားလုံး၊ သို့တည်းမဟုတ် တဦးဦးကိုဖြစ်စေ၊ ထိုကျေးရွာအားလုံး၊ သို့တည်းမဟုတ် တခုခုကိုဖြစ်စေ၊ ထိုအိမ်ထောင်သားစု အားလုံး၊ သို့တည်းမဟုတ် တခုခုကိုဖြစ်စေ၊ မိမိသတ်မှတ် သည့်သုံးနှစ်ထက်မပိုသော ကာလ အပိုင်းအခြားအတွင်း ကောင်းမွန်စွာနေထိုင်ရန်အာမခံသူများနှင့် ဖြစ်စေ၊ အာမခံသူများမပါဘဲဖြစ်စေ၊ ခံဝန်ချုပ်ပြုလုပ်ရမည်ဟု အမိန့်ပေးနိုင်သည်။

၃၀။ ။ ပုဒ်မ ၁၈ ပါ စည်းကမ်းအရ၊ အခွင့်အာဏာအပ်နှင်းခံရသည့် နယ်ပိုင်ဝန်ထောက်သည်၊ ပုဒ်မ ၂၈ နှင့် ၂၉ အရ အမိန့်ချမှတ်လျှင်၊ အရေးပိုင်ထံမိမိ၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ချက်ခြင်း အစီရင်ခံစာတင်သွင်းရမည်။

၃၁။ ။ (၁) ပုဒ်မ ၂၈ အရ ကောင်းမွန်စွာနေထိုင်ရန်ခံဝန်ချုပ်ပြုလုပ်ထားသူက လူကိုဖြစ်စေ၊ ပစ္စည်းကို ဖြစ်စေ ထိပါးသည့်ပြစ်မှုတခုခုကို ကျူးလွန်ခြင်းသည်၊ သို့တည်းမဟုတ် ကျူးလွန်ရန်ကြံစည်အားထုတ် ခြင်းသည်၊ သို့တည်းမဟုတ် အားပေးကူညီခြင်းသည်၊ ထိုခံဝန်ချုပ်ကိုဖေါက်ဖျက်ရာရောက်သည်ဟု မှတ်ယူရမည်။

(၂) ပုဒ်မ ၂၉ အရ ပြုလုပ်သည့်ခံဝန်ချုပ်အတည်ဖြစ်နေစဉ် သက်ဆိုင်ရာသွေးသောက်စု တွင်ဖြစ်စေ၊ ကျေးရွာတွင်ဖြစ်စေ၊ အိမ်ထောင်သားစုတွင်ဖြစ်စေ၊ ပါဝင်သူတဦး တယောက်ကို အခြားသွေးသောက်စုတွင်ဖြစ်စေ၊ အခြားကျေးရွာတွင်ဖြစ်စေ၊ [အခြားအိမ်ထောင်သားစုဖြစ်စေ] [၁] ပါဝင်သူတဦးတယောက်က၊ သို့တည်းမဟုတ် ပါဝင်သူများကသတ်ဖြတ်လျှင်သော်၎င်း၊ သတ်ဖြတ်ခြင်းကို အားပေးကူညီလျှင်သော် ၎င်း၊ အရေးပိုင်သည် ပြစ်မှုကျူးလွန်သည့် သွေးသောက်စု၊ သို့တည်းမဟုတ် ကျေးရွာ၊ သို့တည်းမဟုတ် အိမ်ထောင်သားစုနှင့် (အာမခံသူများရှိလျှင်) အာမခံသူများ၏ အာမခံကိုရုပ်သိမ်း၍ အာမခံ၏တန်ဘိုး ငွေကိုသိမ်းယူစေရန် အမိန့်ချမှတ်နိုင်သည်။

၃၂။ ။ ပုဒ်မ ၂၈ အရ ဖြစ်စေ၊ ပုဒ်မ ၂၉ အရဖြစ်စေ၊ ကောင်းမွန်စွာနေထိုင်နိုင်ရန် ခံဝန်ချုပ်ပြုလုပ် ရမည့် အမိန့်ချမှတ်ခြင်းခံရသူ တဦးတယောက်သည်၊ အာမခံပေးရမည့်ကာလအပိုင်းအခြား စသည့် နေ့တွင်ဖြစ်စေ၊ ၎င်းနေ့မတိုင်မီဖြစ်စေ၊ လိုအပ်သည့်အာမခံကိုမတင်သွင်းလျှင် ထိုသူကိုအကျဉ်းထား ရမည်။ အကယ်၍ ထိုသူသည် အကျဉ်းခံနေရသူဖြစ်လျှင်၊ ထိုသူကိုဆိုခဲ့သည့် ကာလအပိုင်းအခြား စေ့ကုန်သည်အထိ ချုပ်နှောင်ထားရမည်။ သို့တည်းမဟုတ် အာမခံတောင်းသည့်အမိန့်ကို ချမှတ် သည့်အရာရှိထံဖြစ်စေ၊ ထိုသူကို ချုပ်နှောင်ထားသည့် အကျဉ်းထောင်ကြီးကြပ်အုပ်ချုပ်သူ

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ အစားထည့်သွင်းသည်။

အရာရှိထံဖြစ်စေ၊ အာမခံပေးသွင်းသည့်အချိန်ထိ ချုပ်နှောင်ထားရမည်။ ယင်းသို့ အာမခံ ပေးသွင်းလျှင်၊ ထိုသူကိုချက်ခြင်းလွှတ်ပစ်ရမည်။ ပုဒ်မ ၂၈ ၊ သို့တည်းမဟုတ် ပုဒ်မ ၂၉ အရ အာမခံကိုပေးရန်ပျက်ကွက်မှုအတွက် ထောင်ဒဏ်သည်၊ အာမခံတောင်း သည့်အရာရှိက အမှု အသီးသီးတွင် အမိန့်ချမှတ်သည့်အတိုင်း၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ်သော်၎င်း၊ အလုပ်မဲ့ထောင်ဒဏ် သော်၎င်း ဖြစ်နိုင်သည်။

၃၃။ ။ ပုဒ်မ ၂၈၊ သို့တည်းမဟုတ် ပုဒ်မ ၂၉ အရ ကောင်းမွန်စွာနေထိုင်ရန်အတွက် အာမခံကို ပေးရန်ပျက်ကွက်သောကြောင့်အကျဉ်းခံရသူသည်၊ သုံးနှစ်မျှအကျဉ်းခံပြီးသောအခါ၊ ထိုသူကို အကျဉ်းမှလွှတ်ရမည်။ ထို့ပြင်ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမိန့်အသစ်တရပ် မချမှတ်လျှင်၊ ထိုသူထံမှ နောက်ထပ်အာမခံမတောင်းရ။

၃၄။ ။ (၁) အရေးပိုင်သည်၊ သွေးသောက်စုဝင်တဦးဦး၌ဖြစ်စေ၊ ကျေးရွာတခုခု၌ဖြစ်စေ၊ လက်ရှိ ထားနိုင်သည့် သေနတ်အရေအတွက်၊ ခဲယမ်းမီးကျောက် အခြင်အတွယ်နှင့်ခဲယမ်း မီးကျောက်အမျိုးအစားကို သတ်မှတ်နိုင်သည့်ပြင်၊ တစုတပေါင်းတည်းအနေဖြင့် ထိုသွေးသောက်စုသို့၊ သို့တည်းမဟုတ် ထိုကျေးရွာသို့ဖြစ်စေ၊ တဦးစီအနေဖြင့် ထိုသွေးသောက်စုဝင် တဦးတယောက်သို့၊ သို့တည်းမဟုတ် ထိုကျေးရွာတွင်နေ ထိုင်သူတဦးတယောက်သို့ဖြစ်စေ၊ လိုင်စင်များထုတ်ပေး၍၊ ထိုလိုင်စင်များတွင် သီးခြား ဖေါ်ပြထားသည့် သေနတ်များနှင့်ခဲယမ်းမီးကျောက်များကို လက်ရှိထားနိုင် ခွင့်ပေးနိုင်သည်။

(၂) လိုင်စင်များထုတ်ပေးပြီးဖြစ်သည့် သေနတ်အားလုံးကိုမှတ်ပုံစာရင်းတင်သွင်း ထားရ မည်။ ထို့ပြင် ပြောင်းဝမှယမ်းထိုးသော သေနတ်များကို တံဆိပ်ရိုက်ထားရမည်။

(၃) သေနတ်ပြောင်းများမပြုလုပ်ရ။ သို့သော် သေနတ်မောင်းများကို အရေးပိုင်ထုတ်ပေး သည့် လိုင်စင်နှင့်အညီပြုလုပ်နိုင်သည်။

(၄) လိုင်စင်မရှိသူတဦးတယောက်သည်သော်၎င်း၊ လိုင်စင်ရှိသည့်သွေးသောက်စုတွင်၊ သို့တည်းမဟုတ် ကျေးရွာတွင်မပါဝင်သူ တဦးတယောက်သည်သော်၎င်း၊ သေနတ်များ၊ သို့တည်းမဟုတ် ခဲယမ်းမီးကျောက်များလက်ရှိထားလျှင်ဖြစ်စေ၊ သေနတ်များ၊ သို့တည်းမဟုတ် ခဲယမ်းမီးကျောက်များကို ချင်းဝိသေသနတိုင်းမှ ပြင်ပသို့ထုတ်ဆောင်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ချင်းဝိသေသနတိုင်းအတွင်းသို့ သွင်းယူခြင်းကိုဖြစ်စေ၊ သေနတ်ပြောင်းများပြုလုပ်လျှင်ဖြစ်စေ၊ လိုင်စင်မရှိဘဲ

[သေနတ်မောင်းများ][၁] ပြုလုပ်လျှင်ဖြစ်စေ၊ ထိုသူကို ရာဇဝတ်တရားသူကြီးတဦးက ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ခုနစ်နှစ်ထက်မများသော ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ် သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်နိုင်သည်။

(၅) [နယ်မြေတစု၏ ငြိမ်းချမ်းမှုကို ထိခိုက်ခြင်းမှကာကွယ်ရန် ထိုမြေအတွင်း][၁] ထားများ၊ လှံများ၊ လေးနှင့် မြှားများ ကိုင်ဆောင်ခြင်းကိုဖြစ်စေ၊ ထိုလက်နက်အမျိုးအစားတခုခု ကိုင်ဆောင်ခြင်းကိုဖြစ်စေ၊ တားမြစ်ရန်လိုအပ်သည်ဟု အရေးပိုင်ကထင်မြင်သဘောရရှိလျှင်၊ အရေးပိုင်သည်အမိန့်စာတွင် ထိုနယ်မြေကိုပိုင်း ခြားဖော်ပြ၍၊ ထိုနယ်မြေအတွင်း [သွေးသောက်စုဝင်တဦးတယောက်ဖြစ်စေ][၁] ကျေးရွာတခုခုတွင် ပါဝင်သူ အားလုံး၊ သို့တည်းမဟုတ် တဦးတယောက်ဖြစ်စေ အဆိုပါလက်နက်များကို၊ သို့တည်းမဟုတ် အခြားလက်နက်တမျိုးမျိုးကို ကိုင်ဆောင်ခြင်းမပြုရန် ထိုအမိန့်စာဖြင့်တားမြစ်နိုင်သည်။ ထိုအမိန့်စာတွင်၊ ဤသို့ တားမြစ်ခြင်းအတည်ဖြစ်နေမည့် ကာလအပိုင်းအခြားကိုဖော်ပြရမည်။

(၆) ပုဒ်မခွဲ (၅) အရ တားမြစ်သည့်အမိန့်ကိုမနာခံသူကို ရာဇဝတ်တရားသူကြီး တဦးက ပြစ်မှုထင်ရှား စီရင်သည့်အခါ ခြောက်လထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်နိုင် သည်။

(၇)[၂] ဤပုဒ်မအရ၊ အရေးပိုင်က ထုတ်ပေးသော လိုင်စင်များအတွက် ကောက်ခံသော လိုင်စင်အခများသည်၊ နိုင်ငံတော်သမတက နည်းဥပဒေများတွင်ပြဋ္ဌာန်းထားသည့် နှုန်းအတိုင်းဖြစ်ရမည်။

၃၅။ ။ အရေးပိုင်က စာဖြင့်ခွင့်ပြုသည့်အခါမှတပါး၊ မည်သည့်ချင်းအမျိုးသားကိုမျှ သစ်တောအက်ဥပဒေအရဖြစ်စေ၊ ထိုအက်ဥပဒေအရပြုလုပ်သည့်နည်းဥပဒေအရပ်ရပ်အရဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

၃၆။ ။ ချင်းဝိသေသတိုင်းအတွင်း ဘိန်းဖြစ်စေ၊ ဆေးခြောက်ဖြစ်စေ၊ ကိုကင်းဖြစ်စေသွင်းယူခြင်း၊ စိုက်ပျိုးခြင်း၊ ပြုလုပ်ခြင်း၊ လက်ရှိထားခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် ထုတ်ဆောင်ခြင်းပြုသူကို ရာဇဝတ်တရားသူကြီးတဦးက ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ကြိမ်ဒဏ်သက်သက်ဖြစ်စေ စီရင်နိုင်သည်။

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ အစားထည့်သွင်းသည်။

[၂] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ အစားထည့်သွင်းသည်။

၃၇။ ။ ကော်လိတ်တော်အရာရှိ ထုတ်ပေးသည့်လိုင်စင်မရှိဘဲ၊ တဦးတယောက်သောသူအား နိုင်ငံခြားဖြစ် အရက် [ * * ] [၁] ရောင်းချသူကိုရာဇဝတ်တရားသူကြီးတဦးက ပြစ်မှုထင်ရှား စီရင်သည့်အခါ၊ သုံးလအထိအလုပ် ကြမ်းနှင့်ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံး သော်၎င်း စီရင်နိုင်သည်။

၃၈။ ။ မည်သူမဆို ကော်လိတ်တော်အရာရှိထုတ်ပေးသည့်လိုင်စင်မရှိဘဲ၊ ချင်းဝိသေသတိုင်းအတွင်း အရက်ပေါင်းတင်ချက်လုပ်လျှင်ဖြစ်စေ၊ ချင်းဝိသေသတိုင်းအတွင်း၌သော်၎င်း၊ ပြင်ပ၌သော်၎င်း ဤကိစ္စအလို့ငှါ၊ ပြဋ္ဌာန်းထားသည့်နည်းဥပဒေများကို ကျူးလွန်၍ချက်လုပ်သောအရက်ပုံကို လက်ရှိ ထားလျှင်ဖြစ်စေ၊ ထိုသူသည်ရာဇဝတ်တရားသူကြီးတဦးက ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ခြောက်လထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်ခြင်းခံရမည်။ သို့တည်းမဟုတ် ကျေးရွာကောင်စီကဖြစ်စေ၊ တိုက်နယ်ကောင်စီကဖြစ်စေ ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ငွေငါးဆယ်ထက်မပိုသော ငွေဒဏ်သော်၎င်း၊ တန်ဘိုးငွေငါးဆယ် ထက်မပိုသော [ပစ္စည်းလျော်ဒဏ်သော်၎င်း][၁] စီရင်ခြင်းခံရမည်။

၃၈-က [၂] ။ ။ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၈ အရ၊ ကော်လိတ်တော်အရာရှိက ထုတ်ပေးသော ယစ်မျိုးလိုင်စင်များအတွက် ကောက်ခံသောလိုင်စင်အခများသည်၊ နိုင်ငံတော်သမတက နည်းဥပဒေ များတွင် ပြဋ္ဌာန်းထားသည့်နှုန်းအတိုင်း ဖြစ်ရမည်။

၃၉[၃]။ ။နိုင်ငံတော်သမတက ဤကိစ္စအလို့ငှါ ထုတ်ပြန်သော ယေဘုယျ၊ သို့တည်းမဟုတ် အထူးနည်းဥပဒေများနှင့်ဖြစ်စေ၊ ယေဘုယျ၊ သို့တည်းမဟုတ် အထူးအမိန့်များနှင့်ဖြစ်စေ၊ မဆန့်ကျင် စေဘဲ၊ ချင်းရေးရာဝန်ကြီးသည်၊ ချင်းဝိသေသတိုင်းတဝန်းလုံးတွင်သော်၎င်း၊ တစိတ်တဒေသတွင် သော်၎င်း၊ ရွာအတွင်း၌ဖြစ်လျှင်၊ တနှစ်တွင် တအိမ်လျှင် ငွေလေးကျပ်ထက်မပိုသောနှုန်းဖြင့် အိမ်ခွန် စည်းကြပ်နိုင်၍၊ ရွာပြင်ပ မည်သည့်နေရာ၌မဆိုဖြစ်လျှင်၊ တနှစ်တွင် တအိမ်လျှင် ငွေတဆယ့်နှစ် ကျပ်ထက် မပိုသောနှုန်းဖြင့် အိမ်ခွန်စည်းကြပ်နိုင်သည်။

**ခြွင်းချက်** ။ ။ သို့ရာတွင် ချင်းရေးရာဝန်ကြီးသည်၊ ဤပုဒ်မအရ အိမ်ခွန်ထမ်းဆောင်ခြင်းမှ လုံးဝလွတ်ငြိမ်းခွင့်ပြုသော ပုဂ္ဂိုလ်အမျိုးအစားကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာခြင်းဖြင့် ပြဋ္ဌာန်းနိုင်သည့်ပြင်၊ ပုဂ္ဂိုလ်တဦးတယောက်အပေါ်တွင် စည်းကြပ်သောအိမ်ခွန်ကို မည်သည့်

---

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ ပြင်ဆင်သည်။

[၂] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ ထည့်သွင်းသည်။

[၃] အဆိုပါဥပဒေအရ အစားထည့်သွင်းသည်။

အရာရှိများသည်၊ မည်သည့်အကြောင်းများကြောင့် လျှော့ပေါ့ပယ်ဖျက်နိုင်ကြောင်း ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်။

၄၀။ ။ ဒဏ်ငွေ၊ သို့တည်းမဟုတ် အခွန်ပေးဆောင်ရန်အတွက်ဖြစ်စေ၊ ပစ္စည်းတခုခုကိုပေးရန်အတွက်ဖြစ်စေ၊ အမှုကိစ္စတခုခုကို ဆောင်ရွက်ရန်အတွက်ဖြစ်စေ ချမှတ်သောအမိန့်ကို-

(၁) တရားမကျင့်ထုံးဥပဒေအရဝါရမ်းကပ်ခြင်း၊ သို့တည်းမဟုတ် ရောင်းချခြင်းမှလွတ်ကင်းသည့် ပစ္စည်းမှတပါး၊ အခြားပစ္စည်းတခုခုကိုသိမ်းယူခြင်း၊ သို့တည်းမဟုတ် ဝါရမ်းကပ်ရောင်းချခြင်းဖြင့်သော် ၎င်း၊

(၂) အရေးပိုင်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်၏ အမိန့်နှင့်တနှစ်အထိ အလုပ်မဲ့ထောင်ဒဏ်စီရင် ခြင်းဖြင့်သော်၎င်းအတည်ပြုနိုင်သည်။

၄၁။ ။ (၁) အရာရှိတဦးက ရာဇဝတ်ရုံးတွင်ဖြစ်စေ၊ တရားမရုံးတွင်ဖြစ်စေ၊ တရားစီရင်ရာ၌ချမှတ်သော အမိန့်၊ သို့တည်းမဟုတ် စီရင်ချက်မှတပါး၊ ဤအက်ဥပဒေအရ ချမှတ်သောမည်သည့်အမိန့်ကိုမဆို တိုင်းမင်းကြီးကပြင်ဆင်နိုင်သည်။

(၂) ဤအက်ဥပဒေပုဒ်မ ၁၈ အရ အပ်နှင်းထားသည့် အာဏာများကို နယ်ပိုင်ဝန်ထောက်က သုံးစွဲချမှတ် သောအမိန့်ကိုအရေးပိုင်ကပြင်ဆင်နိုင်သည်။

၄၂။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အခါကာလအားလျော်စွာ အတည်ဖြစ်လျက်ရှိသော ဥပဒေ များကိုချင်းဝိသေသတိုင်းနှင့်သက်ဆိုင်ရာ၌ ထိုဥပဒေအရနိုင်ငံတော်သမတက သုံးစွဲနိုင်သည့်အာဏာများကို ဝန်ကြီးကသုံးစွဲနိုင်သည်။ သို့သော်ထိုသို့သုံးစွဲရာတွင် နိုင်ငံတော်သမတ၏အခွင့်အရေး အာဏာကို မထိခိုက်မဆန့်ကျင်ရ။

(၂) ချင်းဝိသေသတိုင်းဆိုင်ရာကိစ္စအလို့ငှါ ဘဏ္ဍာရေးမင်းကြီးနှင့် ယစ်မျိုးမင်းကြီး၏ အာဏာများကို ချင်းဝိသေသတိုင်းဆိုင်ရာ တိုင်းမင်းကြီးကသုံးစွဲနိုင်သည်။

၄၃။ ။ နိုင်ငံတော်သမတသည် ဤအက်ဥပဒေနှင့်အညီဖြစ်သော နည်းဥပဒေများ[၁] ပြုလုပ်နိုင်သည်။ အထူးသဖြင့်အောက်ပါကိစ္စများအတွက် နည်းဥပဒေများပြုလုပ်နိုင်သည်။

---

[၁] ၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်းကောင်စီများရွေးကောက်ပွဲနည်းဥပဒေများကို၊ မြန်မာနိုင်ငံ ပြန်တမ်း၊ ၁၉၅၄ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၉၁၄ တွင် ထုတ်ပြန်ကြေညာသည်။

၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်းယစ်မျိုးနည်းဥပဒေများကို၊ ၎င်းပြန်တမ်း၊ ၁၉၅၅ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၈၉၀ တွင် ထုတ်ပြန်ကြေညာသည်။

(က) ဤအက်ဥပဒေအရ ဆောင်ရွက်သောအရာရှိများ လိုက်နာရမည့်နည်းလမ်းကို သတ်မှတ်ရန်၊

(ခ) မိမိလိုအပ်သည်ဟု ထင်မြင်သောပုံစံအသုံးပြုခြင်း၊ အစီရင်ခံစာများနှင့်စာရင်းများ တင်သွင်းခြင်း၊ မှတ်တမ်းများနှင့် မှတ်ပုံတင်စာအုပ်များထားရှိခြင်း စသည်တို့နှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်များပြုလုပ်ရန်၊ ထို့ပြင်

(ဂ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်။[၁]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်။

နိုင်ငံတော်ယာယီသမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ သီတင်းကျွတ်လဆုတ် ၅ ရက်။

(၁၉၄၈ ခု၊ အောက်တိုဘာလ ၂၂ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၂၀၄]

[၁] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ အစားထည့်သွင်းသည်။